

Credit: Facebook/Khit Thit Media

# အိပ်စက်နေစဉ် တိုက်ခိုက်မှု - စစ်ကိုင်းမှ အရပ်သားများ စစ်ရှောင်နေသည့် ဘုန်းတော်ကြီးကျောင်းအား လေကြောင်းတိုက်ခိုက်မှု

မြန်မာလေတပ်မှ လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သား ၂၀ ကျော်သေဆုံးခဲ့ပြီး ဒါဇင်ကျော်ထိခိုက်ဒါဏ်ရာ

ရရှိခဲ့သည်ဟု သက်သေများက ညွှန်ပြနေသည်။

၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့ ညအချိန်တွင် အရပ်သားများ စစ်ဘေးရှောင်နေသည်ဟု ယူဆရသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဘုန်းတော်ကြီးကျောင်းတစ်ခုအား လေကြောင်းတိုက်ခိုက်ခံခဲ့ရကြောင်း သိရှိရသည်။

ဒေသစံတော်ချိန် မနက် ၀၁း၀၀ အချိန်ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး လင်းတလူးကျေးရွာရှိ သစ္စဝါဒီ ဘုန်းတော်ကြီးကျောင်းအား မြန်မာလေတပ်မှ တိုက်ခိုက်ခဲ့ကြောင်း ဖော်ပြကြသည်။ အမျိုးသမီး ၁၅ ဦးနှင့် ကလေးငယ် သုံးဦး အပါအဝင် ၂၂ ဦးခန့် သေဆုံးခဲ့ပြီး ၅၀ ကျော်ခန့် ထိခိုက်ဒါဏ်ရာရရှိခဲ့ကာ အများစုမှာ ဒါဏ်ရာပြင်းထန် သည်ဟု People’s Spring မှ ဖော်ပြထားသည်။

ဒေသတွင်းထိုးစစ်ဆင်မှုများကြောင့် စစ်ဘေးရှောင်များကို ဘုန်းတော်ကြီးကျောင်းတွင် လက်ခံထားခြင်းဖြစ်ကြောင်း Red Peacock က ဆိုသည်။ ၂၀၂၅ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် စတင်ခဲ့သော စစ်ကိုင်း-ရွှေဘို လမ်းတလျှောက်တိုက်ပွဲများကြောင့် စစ်ကိုင်းမြို့နယ်မှ အရပ်သား ၁၀၀၀၀ ခန့် ရွှေ့ပြောင်းခဲ့ရကြောင်း ၎င်းသတင်းတွင် ထပ်မံဖော်ပြထားသည်။

စစ်တပ်ထောက်ခံသော telegram channel များဖြစ်သည့် Ko Thet, Kyaw Swar, Hmine Wai နှင့် Truth Media တို့မှ လင်းတလူးကျေးရွာကိုတိုက်ခိုက်ခဲ့ခြင်းမှာ မှန်ကန်သော်လည်း 'အကြမ်းဖက် PDF များ' ကို တိုက်ခိုက်ခဲ့ခြင်းသာ ဖြစ်ကြောင်း အထက်ပါသတင်းကို ပြန်လည်ချေပထားသည်။

စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန်အတွက် Myanmar Witness မှ user-generated content (UGC) များကို ဂြိုလ်တုဓါတ်ပုံများနှင့် တိုက်ဆိုင်စစ်ဆေးခဲ့ပြီး ဘုန်းတော်ကြီးကျောင်းအား ကိုသြဒိနိတ်အမှတ် [22.087944, 95.756306] (ပုံ-၁) တွင်တွေ့ရသည်။ ဖြစ်စဉ်၏အချိန်ကို သိနိုင်ရန်အတွက် Sentinel-2 နှင့် Planet တို့ကိုအသုံးပြုစီစစ်ရန် ကြိုးစားခဲ့သော်လည်း မိုးတိမ်များထူထပ်နေခြင်းကြောင့် အတည်မပြုနိုင်ခဲ့ပါ။





ပုံ -၁ ပျက်စီးနေသည့် ဘုန်းတော်ကြီးကျောင်း အတွင်းပိုင်း၊ ထိခိုက်သေဆုံးသူအလောင်း ခြောက်လောင်းနှင့်အတူမြင်တွေ့ရသော ဘုန်းတော်ကြီးကျောင်း အဆောက်အဦကို *[22.087944, 95.756306]* ၌ မြင်တွေ့ရသည်။ *(source: Khit Thit Media)*

ထို့နောက် [GRAPHIC] Khit Thit Media နှင့် Mandalay Free Press တို့မှ တင်သည့်သတင်းဓါတ်ပုံများကို သိမ်းဆည်းပြီး စီစစ်ခဲ့သည်။ အဆိုပါဓါတ်ပုံများတွင် ထူးခြားသည့်မြေပြင်အမှတ်အသားများ မပါဝင်သည့်အတွက် တည်နေရာကို အတည်မပြုနိုင်သော်လည်း

Myanmar Witness မှ သေဆုံးသူအလောင်း ၁၆ လောင်းတွေ့ရှိရပြီး ပုံပန်းသွင်ပြင်ကိုကြည့်၍ အနည်းဆုံး အမျိုးသမီး လေးဦးပါဝင်ကြောင်း အတည်ပြုနိုင်ခဲ့သည်။ (ပုံ-၂)

UGC များကိုတိုက်ဆိုင်စစ်ဆေးရာတွင် ဘုန်းတော်ကြီးကျောင်းအတွင်း၌ သေဆုံးသူ ခြောက်ဦးအား လွှမ်းခြုံထားသည့် စောင်များကို ဘုန်းတော်ကြီးကျောင်းအပြင်တွင်ရိုက်ထားသည့် အခြားဓါတ်ပုံများ၌ ထပ်မံတွေ့ရှိရသည့်အတွက် ထိုသေဆုံးသူများတွင် ဘုန်းတော်ကြီးကျောင်းအတွင်းတွင် သေဆုံးခဲ့သည်ဆိုသည့် အဆိုကို ထပ်မံအတည်ပြုပေးနေသည်။ (ပုံ-၃)




ပုံ-၂ သေဆုံးသူ အနည်းဆုံ ၁၆ ဦးကို မြင်တွေ့ရပြီး ပုံပန်းသွင်ပြင်အရ အနည်းဆုံး အမျိုးသမီး လေး ဦးပါဝင်သည်။ *(source: [Khit Thit Media](Khit Thit Media) [GRAPHIC])*




ပုံ- ၃ တူညီသည့်စောင်များအုပ်ထားသည်ကို သေဆုံးသူများကြားတွင် ထပ်မံတွေ့ရသည်။ *(Source: [Khit Thit Media]* *[GRAPHIC])*

ထို့အပြင် (Red Peacock မှ တင်ထားသော) ဖြစ်ပွားရာနေရာမှ ရိုက်ကူးထားသည့်ဟုဆိုသည့်ပုံထဲမှ အပိုင်းအစ များကို စစ်ဆေးကြည့်ရာတွင် လေကြောင်းတိုက်ခိုက်မှုများတွင်အသုံးပြုသည့် ကျည်အမျိုးအစားများနှင့် ကိုက်ညီမှုရှိနိုင်ကြောင်း တွေ့ရသည်။ သို့သော် ဤအစီရင်ခံစာတင်ပြသည့်အချိန် သုံးသပ်ချက်များသည် ကနဦးသုံးသပ်ချက်များသာဖြစ်သည်။



ပုံ - ၄ အခင်းဖြစ်ပွားသည့်နေရာတွင် ရိုက်ယူထားသည့် ကြွင်းကျန်ရစ်သည့် လက်နက်အပိုင်းအစများ *(source: Red Peacock)*

နောက်ဆုံးအဆင့်တွင် Mandalay Free Press ၏ အစီရင်ခံစာအရ တိုက်ခိုက်မှုမဖြစ်ပွားမီအချိန်တွင် ဤဖြစ်စဉ်တွင် ပါဝင်သည့်လေယာဉ် ၁ စင်းသည် တံတားဦးလေဆိပ်မှ ထွက်ခွာခဲ့ကြောင်းဖော်ပြထားသည်။ ထိုအတူ Telegram ရှိ လေကြောင်းစောင့်ကြည့်ရေး channel တစ်ခုမှလည်း အဆိုပါလေယာဉ်၏ လမ်းကြောင်းများကို ဖော်ပြပြီး ထိုအဆိုကို ထပ်တူအတည်ပြုထားသည်ကိုတွေ့ရသည်။ ဤကဲ့သို့သော အစီရင်ခံမှုများနှင့် စစ်တပ်ထောက်ခံသည့် မီဒီယာများ၏ ဖော်ပြမှုများကိုပေါင်းစပ်ပြီး ထိုဘုန်းတော်ကြီးကျောင်းကို မြန်မာလေတပ်မှ လေကြောင်းတိုက်ခိုက်ခဲ့ကြောင်း သွယ်ဝိုက်အတည်ပြုပေးနေသည်။

| အခြေအနေ | ဒေသစံတော်ချိန် |
| --- | --- |
| တံတားဦး လေတပ်မှ ဂျက်ဖိုက်တာ ၁စီး အနောက်သို့ ပျံတက်။ | ၀၀း၃၉ |
| ငါန်းဇွန်နယ် အရှေ့မြောက်ခြမ်းဖြတ်၍ | ၀၀း၄၈ |

| | |
|---|---|
| တံတားဦးလေတပ်မှ ဂျက်ဖိုက်တာ ၁ စီး အနောက်မြောက် အရပ်သို့ပျံသန်း။ | |
| ငါန်းဇွန်နယ် အရှေ့မြောက်ခြမ်းဖြတ်၍ တံတားဦးလေတပ်မှ ဂျက်ဖိုက်တာ ၁ စီး အရှေ့အရပ်သို့ပျံသန်း။ | ၀၀း၅၂ |
| ငါန်းဇွန်နယ် အရှေ့မြောက်ခြမ်းဖြတ်၍ တံတားဦးလေတပ်မှ ဂျက်ဖိုက်တာ ၁ စီး မြောက်အရပ်သို့ပျံသန်း။ | ၀၀း၅၃ |
| စစ်ကိုင်း အနောက်မြောက်ခြမ်း တနေရာ တံတားဦးလေတပ်တက်ဂျက်ဖိုက်တာ ၁စီး ပျံဝဲနေ။ | ၀၀း၅၅ |
| စစ်ကိုင်း မြောက်ခြမ်း ဖြတ်၍ တံတားဦးလေတပ်တက် ဂျက်ဖိုက်တာ ၁ စီး တောင်အရပ်သို့ပျံသန်း။ | ၀၁း၀၁ |
| စစ်ကိုင်း ဖြတ်၍ တံတားဦးလေတပ်တက် ဂျက်ဖိုက်တာ ၁ စီး တောင်အရပ်သို့ပျံသန်း။ | ၀၁း၀၂ |
| တံတားဦးလေတပ် သို့ ဂျက်ဖိုက်တာ ၁စီး မြောက် ရပ်မှ ဆင်းသက်။ | ၀၁း၀၆ |

တည်နေရာအတည်ပြုထားသော ထိခိုက်ပျက်စီးနေသည့်ပုံများ၊ တူညီနေသည့် သေဆုံးသူပုံများ၊ ကြွင်းကျန်ရစ်သည့် အပိုင်းအစများ၊ လေယာဉ်လမ်းကြောင်းစောင့်ကြည့်မှုများကဲ့သို့သော သက်သေများက ဘုန်းတော်ကြီးကျောင်းကို မြန်မာလေတပ်မှ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့တွင် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သောကြောင့် စစ်ဘေးရှောင်နေသည့် အရပ်သားများ အနည်းဆုံး ၂၂ ဦးသေဆုံးကာ ၅၀ ကျော် ထိခိုက်ဒါဏ်ရာ ရရှိခဲ့သည်ကို ညွှန်ပြနေသည်။